# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 3, Vol: 1/2026

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက် (ကြာသပတေးနေ့)

ဗီယက်နမ်၏ E10 ဇီဝလောင်စာစီမံကိန်း အကောင်အထည်ဖော်မှုက BRICS နှင့် ကုန်သွယ်ရေးအခွင့်အလမ်းသစ်များဖွင့်လှစ်ပေးလိုက်ခြင်း

စာမျက်နှာ ၁




တရုတ်၏ အခွန်ကင်းလွတ်ခွင့်မူဝါဒသည် တရုတ်-တောင်အာဖရိက စိုက်ပျိုးရေးကဏ္ဍအား မြှင့်တင်ပေး

စာမျက်နှာ ၁၂



အရှေ့အလယ်ပိုင်း အကြပ်အတည်းကြောင့် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများထိခိုက်နိုင်

စာမျက်နှာ ၁၈



မရေရာမှုများကြားမှ ခိုင်မာလာသည့် တရုတ်နိုင်ငံ၏ စီးပွားရေးဗျူဟာနှင့် ၂၀၂၆ အလားအလာများ

စာမျက်နှာ ၂၀



# သတင်းများ


| | | |
|---|---|---|
| ဗီယက်နမ်၏ E10 ဇီဝလောင်စာ စီမံကိန်း အကောင်အထည်ဖော်မှုက BRICS နှင့် ကုန်သွယ်ရေး အခွင့်အလမ်းသစ်များဖွင့်လှစ်ပေးလိုက်ခြင်း | ဒေါ်ဇာလီနွယ် (UMO) | ၁ |
| ကမ္ဘာလုံးဆိုင်ရာ သွင်းကုန်အခွန် (global tariff) ၁၅% ကို စည်းကြပ်နိုင်ချေရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Scott Bessent ပြောကြား | ဒေါ်သန်းသန်းစိုး (FERD) | ၃ |
| စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်နှင့် ဂျာမနီသဘောတူ | ဦးသူရိန်ကိုကို (FERD) | ၄ |
| အမေရိကန်-အီရန် ပဋိပက္ခ ပိုမိုပြင်းထန်လာပြီး ရေကြောင်းကုန်သွယ်မှုများအနှောင့်အယှက်ဖြစ်ပေါ်မှုကြောင့် ရေနံဈေးနှုန်းများ မြင့်တက်သွား | ဒေါ်နီလာဝင်း (FERD) | ၅ |
| ဘန်ကောက်၌ Thaifex HOREC ASIA 2026 ပြပွဲကျင်းပနေ | ဒေါ်စန်းစန်းမာ (FERD) | ၉ |
| အီရန်စစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံမှ လောင်စာဆီသွင်းကုန်များအပေါ် အကောက်ခွန်များ ဖယ်ရှားပေးမည်ဖြစ် | ဒေါ်ထက်နန္ဒာကျော် (FERD) | ၁၀ |
| တရုတ်၏ အခွန်ကင်းလွတ်ခွင့်မူဝါဒသည် တရုတ်-တောင်အာဖရိကစိုက်ပျိုးရေးကဏ္ဍအား မြှင့်တင်ပေး | ဒေါ်အိသက်ခိုင် (UMO) | ၁၄ |
| အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် ဆောင်ရွက် | ဒေါ်ဆုအိမ်သူ (UMO) | ၁၅ |

# သတင်းများ


| | | |
|---|---|---|
| Amata ကုမ္ပဏီသည် အရှေ့တောင်အာရှတွင် တိုးတက်မှုအတွက် ပြင်ဆင်နေ | ဦးအောင်အောင်ဦး (DICA) | ၁၆ |
| အရှေ့အလယ်ပိုင်းအကြပ်အတည်းကြောင့် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ထိခိုက်နိုင် | ဦးနေကျော်ထက် (DICA) | ၁၈ |
| မရေရာမှုများကြားမှ ခိုင်မာလာသည့် တရုတ်နိုင်ငံ၏ စီးပွားရေးဗျူဟာနှင့် ၂၀၂၆ အလားအလာများ | ဒေါ်စိုးဝေဝေ (DICA) | ၂၀ |

# ဗီယက်နမ်၏ E10 ဇီဝလောင်စာ စီမံကိန်းအကောင်အထည်ဖော်မှုက BRICS နှင့် ကုန်သွယ်ရေးအခွင့်အလမ်းသစ်များဖွင့်လှစ်ပေးလိုက်ခြင်း

ဗီယက်နမ်နိုင်ငံ၏ E10 ဇီဝလောင်စာအသုံးပြုခြင်းသည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်မည်ဖြစ်ရာ ၎င်းသည် အရှေ့တောင်အာရှတွင် နှစ်ပေါင်းများစွာအတွင်း မြင်တွေ့ရသည့်ထင်ရှားသော စွမ်းအင်မူဝါဒပြောင်းလဲမှုတစ်ခု ဖြစ်လာသည်။ ညွှန်ကြားချက်အမှတ် 50/2025/TT-BCT အရ နိုင်ငံတစ်ဝှမ်း ရောင်းချနေသည့် သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသည့် အောက်တိန်းဆီများအားလုံးတွင် အီသနော (Ethanol) ၁၀ ရာခိုင်နှုန်း ရောနှောရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် လိုအပ်သည့် အီသနောပမာဏကို ပြည်တွင်း၌ အပြည့်အဝ မထုတ်လုပ်နိုင်ခြင်းသည် BRICS အဖွဲ့ဝင်နိုင်ငံများ (အထူးသဖြင့် ဘရာဇီးနိုင်ငံ)နှင့် ကုန်သွယ်ရေး စီးဆင်းမှုများ ပိုမိုအားကောင်းလာစေရန် လမ်းစဖွင့်ပေးလိုက် သကဲ့သို့ဖြစ်နေသည်။

## ဗီယက်နမ် E10 ဇီဝလောင်စာ စီမံကိန်း၏ နောက်ကွယ်မှ ကုန်ကြမ်းလိုအပ်ချက်နှင့် ထုတ်လုပ်မှု ကွာဟချက်




ဗီယက်နမ်နိုင်ငံတွင် လက်ရှိ၌ အီသနောစက်ရုံ ၆ ရုံရှိပြီး တစ်နှစ်လျှင် ကုဗမီတာ ၆ သိန်းခန့် ထုတ်လုပ်နိုင်စွမ်း ရှိသည်။ သို့သော် E10 စီမံကိန်းအတွက် တစ်နှစ်လျှင် အီသနောကုဗမီတာ ၁.၅ သန်းခန့် လိုအပ်သဖြင့် ပြည်တွင်း ထုတ်လုပ်မှုမှာ လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်း ခန့်သာ ရှိနေသေးသည်။ ထို့အပြင် အီသနော ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် ကာဆာဗာ (ပိန်းဥ/ကန်စွန်းဥနွယ်ဝင်) စိုက်ပျိုးမှုမှာလည်း ပြန့်ကျဲလျက်ရှိနေပြီး အထွက်နှုန်းနည်းနေခြင်းက အခက်အခဲတစ်ရပ် ဖြစ်နေသည်။

အဓိက ဖြန့်ဖြူးရောင်းချသူများဖြစ်သည့် Petrolimex နှင့် PVOIL ကဲ့သို့သော လုပ်ငန်းကြီးများသည် အီသနောပမာဏများစွာကို သိုလှောင်ရန်နှင့် ရောနှောရန် အတွက်စနစ်များကို အဆင့်မြှင့်တင်ထားပြီးဖြစ်သည်။ Petrolimex သည် အမေရိကန်၊

တောင်ကိုရီးယား၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့မှ အီသနော‌များကို တင်သွင်းနေသကဲ့သို့ PVOIL သည်လည်း ကမ္ဘာ့အီသနောအများဆုံး ထုတ်လုပ်သည့် ဘရာဇီးနိုင်ငံထံမှ စတင်ဝယ်ယူနေပြီဖြစ်သည်။

## BRICS အုပ်စုအတွက် အဓိပ္ပာယ်နှင့်အကျိုးသက်ရောက်မှု

BRICS ၏ ကုန်သွယ်ရေးအခွင့်အလမ်းသည် အီသနော တစ်ခုတည်းအတွက်မဟုတ်ပေ။ ဗီယက်နမ်၏ E10 စီမံကိန်းနှင့် အိန္ဒိယ၏ E20 (အီသနော ၂၀ ရာခိုင်နှုန်းရောနှောခြင်း) စီမံကိန်းများသည် ဒေသတွင်း စွမ်းအင်ကဏ္ဍတွင် ဘရာဇီးနိုင်ငံကို အချက်အခြာကျလာစေသည်။ ၎င်းသည် BRICS အဖွဲ့က ဦးတည်နေသည့် **"တောင်ဘက်ကမ္ဘာခြမ်းအချင်းချင်း စွမ်းအင်ကုန်သွယ်မှု"** (South-South Energy Trade) ကို လက်တွေ့ကျကျ ပုံဖော်လိုက်ခြင်းလည်းဖြစ်သည်။

ရေနံဈေးကွက်လေ့လာသူ Tom Kloza ၏ အဆိုအရ လက်ရှိတွင် ဟော်မုဇ်ရေလက်ကြား (Strait of Hormuz) ပိတ်ဆို့မှုများ၊ သင်္ဘောလိုင်းများ ရပ်နားမှုများနှင့် စစ်ဘေးအန္တရာယ် အာမခံကြေးမြင့်တက် မှုများကြောင့် စက်သုံးဆီဈေးနှုန်းများ တရိပ်ရိပ်တက်လာနိုင်ကြောင်း သိရှိရသည်။ သန့်စင်ပြီး စက်သုံးဆီကို တင်သွင်းမှုအပေါ် အဓိကမှီခိုနေရသည့် ဗီယက်နမ်အတွက် ယခုကဲ့သို့ စွမ်းအင်အခက်အခဲကြုံနေချိန်တွင် အီသနော ၁၀ ရာခိုင်နှုန်း ရောနှောသုံးစွဲရန် ဆုံးဖြတ်ချက်မှာ စိန်ခေါ်မှုဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း စွမ်းအင်လုံခြုံမှုအတွက် လမ်းကြောင်းသစ် ရှာဖွေခြင်းလည်းဖြစ်သည်။ အထူးသဖြင့် ပါရှန်းပင်လယ်ကွေ့၏ ထောက်ပံ့ ရေးလမ်းကြောင်းများ ဖိအားပေးခံနေရချိန်တွင် BRICS နိုင်ငံများနှင့် တည်ဆောက်ထားသည့် အီသနောကုန်သွယ်ရေး လမ်းကြောင်းမှာ ဗီယက်နမ်အတွက် အလွန်အရေးပါသော မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ခု ဖြစ်လာပါသည်။

Source: https://watcher.guru/news/vietnams-e10-biofuel-rollout-opens-new-brics-trade-opportunities

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး (ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)
ပြည်ထောင်စုဝန်ကြီးရုံး

# ကမ္ဘာလုံးဆိုင်ရာ သွင်းကုန်အခွန် (global tariff) ၁၅% ကို စည်းကြပ်နိုင်ချေရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Scott Bessent ပြောကြား



အိမ်ဖြူတော်က ၂၀၂၆ ခုနှစ်၊ မတ်လအတွင်းကမ္ဘာလုံးဆိုင်ရာအကောက်ခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပြောင်းလဲကောက်ခံ နိုင်ဖွယ်ရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Scott Bessent က ပြောကြားခဲ့ပါသည်။ အစိုးရ၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ပြဋ္ဌာန်းထားသော အခွန်အများစုသည် တရားမဝင်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အခွန်နှုန်းထားကို ကြေညာခဲ့ပါသည်။ အစိုးရက ၁၅ ရာခိုင်နှုန်းအခွန်ကောက်ခံမည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း ယခုအချိန်အထိ ၁၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့ပြီး မည်သည့်အချိန်တွင် အခွန်တိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်းကို အတိအကျ မပြောကြားခဲ့ပါ။

ထရမ့်၏ အခွန်ကောက်ခံမှုစနစ်ကို ပြန်လည်အသက်သွင်းရန်နှင့် ၎င်း၏အဓိက ကုန်သွယ်ဖက်များနှင့် ချုပ်ဆိုထားသော သဘောတူညီချက်များကို ထိန်းသိမ်းရန်အတွက် အိမ်ဖြူတော်က ဥပဒေအသစ်များကို ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းသည် ၁၉၇၄ ခုနှစ် ကုန်သွယ်ရေးအက်ဥပဒေ ပုဒ်မ ၁၂၂ ကို အသုံးပြု၍ အမေရိကန်သို့ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် ရက်ပေါင်း ၁၅၀ အတွင်း အကောက်ခွန်နှုန်းသစ်များ ချက်ချင်းကောက်ခံခဲ့ခြင်းဖြစ်ပါသည်။

အမေရိကန်သည် သံမဏိ၊ အလူမီနီယမ်နှင့် မော်တော်ကားများ အပါအဝင် စက်မှုလုပ်ငန်းများအပေါ်တွင်လည်း အခွန်ကောက်ခံမှုများကို ဆက်လက်ထားရှိပြီး မတူညီသော ဥပဒေအခွင့်အာဏာကို အသုံးပြုလျက်ရှိပါသည်။ အိမ်ဖြူတော်အနေဖြင့် အခွန်ကောက်ခံမှုများ ပိုမိုဖြစ်ပေါ်စေနိုင်သည့် ထပ်မံစုံစမ်းစစ်ဆေးမှုများစတင်ရန် မျှော်မှန်းထားပါသည်။ အခွန်နှုန်းထားများသည် ၅ လအတွင်း ယခင်နှုန်းထားအတိုင်း ပြန်လည်ကောက်ခံရန် ယုံကြည်ကြောင်း Bessent က ပြောကြားခဲ့ပါသည်။ ထရမ့်အတွက် အခွန်စည်းကြပ်နိုင်ချေရှိသော အခြားအစီအမံများသည်

ပြည့်စုံပြီး ခိုင်မာသော်လည်း တိုးတက်မှုနှေးကွေးနေကြောင်း ဘဏ္ဍာရေးဝန်ကြီးက ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလတွင် လွှတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခွန်ကောက်ခံရန် ကျင့်သုံးခဲ့သော အရေးပေါ် အာဏာများနှင့်မတူညီဘဲ အခွန်ကောက်ခံရန် အသုံးပြုနိုင်သည့် အခြားဥပဒေများတွင် အမေရိကန်အစိုးရ အေဂျင်စီများ အနေဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

Source https://www.ft.com/content/8f1b913a-edfc-4fad-a9d7-434dfdcd81bb

ဒေါ်သန်းသန်းစိုး
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်နှင့် ဂျာမနီသဘောတူ




တရုတ်သမ္မတ Xi Jinping နှင့် ဂျာမနီဝန်ကြီးချုပ် Friedrich Merz တို့က မိမိတို့နိုင်ငံများသည် စီးပွားရေးနှင့် အခြားပူးပေါင်း ဆောင်ရွက်မှုများကို ခိုင်မာအောင် လုပ်ဆောင်သွားမည်ဟု အတည်ပြုခဲ့ပါသည်။ ၎င်းတို့သည် Beijing မြို့၌ ဆွေးနွေး မှုများပြုလုပ်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် မစ္စတာ Xi သည် ကမ္ဘာကြီး ရင်ဆိုင်နေရသည့် အပြောင်းအလဲများနှင့် မငြိမ်မသက်မှုများ ကြီးမားလာလျှင် နှစ်နိုင်ငံအကြားက မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်ရန်ပို၍ အရေးကြီး လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဂျာမနီနိုင်ငံအနေဖြင့် အပြန်အလှန် လေးစားမှုနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ပူးတွဲကိုင်တွယ်သွားမည်ဟု မစ္စတာ Merz က

ပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက်တစ်စောင်ကို ၎င်းတို့က ထုတ်ပြန်ခဲ့ပါသည်။

ထိုကြေညာချက်တွင် ၎င်းတို့က စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေမည်ဖြစ်ပြီး နိုင်ငံစုံဝါဒနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးကို လိုက်နာမည်ဟု ဖော်ပြထားပါသည်။ အမေရိကန်သမ္မတ Donald Trump က ၎င်း၏ "အမေရိကသည် ပထမဦးစားပေး" မူဝါဒကို ကျင့်သုံးနေချိန်တွင် ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ ပြင်သစ်နှင့် ဗြိတိန်အပါအဝင် ဥရောပမှ ခေါင်းဆောင်များသည် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြပါသည်။

မစ္စတာ Merz က သတင်းထောက်များကို ပြောကြားရာတွင် ထိုင်ဝမ်ပြဿနာကို စစ်ရေးအင်အားမသုံးဘဲ ငြိမ်းချမ်းသည့် နည်းလမ်းနှင့် ဖြေရှင်းရန် မစ္စတာ Xi ကို တိုက်တွန်းခဲ့ကြောင်းပြောကြားခဲ့ပါသည်။ အင်ဒို-ပစိဖိတ်ဒေသအတွင်း တင်းမာမှုများမြင့်တက်လာပါက ဥရောပအပါအဝင် ကျယ်ပြန့်သည့် ဧရိယာများအပေါ် ထိခိုက်စေလိမ့်မည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260226_03/

ဦးသူရိန်ကိုကို<br>ဒုတိယဦးစီးမှူး<br>အာရှနှင့်အမေရိကဌာနခွဲ<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**အမေရိကန်-အီရန် ပဋိပက္ခ ပိုမိုပြင်းထန်လာပြီး ရေကြောင်းကုန်သွယ်မှုများ အနှောင့်အယှက်ဖြစ်ပေါ်မှုကြောင့် ရေနံဈေးနှုန်းများ မြင့်တက်သွား**

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများသည် သီတင်းပတ်များစွာ ကြာမြင့်နိုင်မည့် အခြေအနေ ရှိနေခြင်းကြောင့် ၂၀၂၆ခုနှစ်၊ မတ်လ ၂ ရက်တွင် ရေနံဈေးနှုန်းများ မြင့်တက်လာပြီး ရှယ်ယာဈေးကွက်များ ကျဆင်းသွားခဲ့ပါသည်။ အဆိုပါအခြေအနေသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကို ဟန့်တားရန် ခြိမ်းခြောက်နေသကဲ့သို့ ငွေကြေးဖောင်းပွမှုကိုလည်း ပြန်လည် မြင့်တက်လာစေနိုင်ပါသည်။ Brent ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၈၂.၃၇ ဒေါ်လာ အထက်သို့ ခေတ္တမျှရောက်ရှိခဲ့သော်လည်း ယခုလက်ရှိတွင်

မူလဈေးနှုန်းထက် ၆.၄ ရာခိုင်နှုန်း မြင့်တက်နှုန်းဖြစ်သည့် တစ်စည်လျှင် ၇၇.၅၇ ဒေါ်လာ ဝန်းကျင်တွင် ရှိနေပြီး အမေရိကန် Crude ရေနံစိမ်းဈေးနှုန်းသည်လည်း ၆.၂ ရာခိုင်နှုန်း မြင့်တက်ကာ တစ်စည်လျှင် ၇၁.၁၇ ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ ထို့ပြင် ဘေးကင်းလုံခြုံသည့် ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ကြသည့် ရွှေဈေးနှုန်းသည်လည်း ၁.၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်အောင်စလျှင် ၅,၃၆၀ ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က ယခုပဋိပက္ခသည် လေးပတ် ခန့် ထပ်မံ ကြာမြင့်နိုင်ကြောင်းပြော ကြားခဲ့ပြီး တစ်ချိန်တည်း မှာပင် အမေရိကန်၏ ရည်မှန်းချက် ပန်းတိုင် များ ပြည့်မြောက်သည်အထိ တိုက်ခိုက် မှုများကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်းကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။ ကမ္ဘာ တစ်ဝန်း ရေကြောင်းမှတင်ပို့နေသော ရေနံကုန်သွယ်မှု စုစုပေါင်း၏ ငါးပုံတစ်ပုံ ခန့်နှင့် သဘာဝ ဓာတ်ငွေ့ရည်တင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းခန့် ဖြတ်သန်းရာ နေရာ ဖြစ်သည့် ဟော်မုဇ် (Hormuz) ရေလက်ကြားကို လူအများစုက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိပါသည်။




အဓိကကျသော အဆိုပါရေလမ်းကြောင်းမှာ ယခု အချိန်အထိ ပိတ်ဆို့ခံရခြင်း မရှိသေးသော်လည်း ပင်လယ် ရေကြောင်းသွားလာမှု စောင့်ကြည့်ရေး ဝက်ဘ်ဆိုက်များ၏ ဖော်ပြချက်အရ ရေနံတင်သင်္ဘော ကြီးများသည် တိုက်ခိုက်ခံရမည်ကို စိုးရိမ်ခြင်း သို့မဟုတ် ခရီးစဉ်အတွက် အာမခံမရရှိနိုင်ခြင်းတို့ကြောင့် ရေလက်ကြား၏ တစ်ဖက်တစ်ချက်စီတွင် စုပြုံရပ်နားနေကြကြောင်း ဖော်ပြထားပါသည်။ ရေနံဈေးကွက်အပေါ် သက်ရောက်နေသည့် အရေးကြီးဆုံးနှင့် အထင်ရှားဆုံး အခြေအနေမှာ ဟော်မုဇ် (Hormuz) ရေလက်ကြားမှ ဖြတ်သန်းသွားလာမှုများ ရပ်တန့်နေခြင်းကြောင့် ရေနံစိမ်းစည်ပေါင်း ၁၅ သန်းခန့် ဈေးကွက်သို့ မရောက် ရှိနိုင်ပဲ အဟန့်အတားဖြစ်နေကြောင်း Rystad Energy ၏ ပထဝီနိုင်ငံရေး လေ့လာဆန်းစစ်မှု အကြီးအကဲ Jorge Leon က ပြောကြားခဲ့ပါသည်။

ပဋိပက္ခကို လျှော့ချမည့် အရိပ်အယောင်များ အလျင်အမြန် ပေါ်ထွက်မလာပါက ရေနံဈေးနှုန်းများသည် လက်ရှိထက် သိသိသာသာ ပိုမိုမြင့်မားသည့် အဆင့်တစ်ခုသို့ ပြောင်းလဲသတ်မှတ်သွားလိမ့်မည်ဟု ၎င်းက ခန့်မှန်းထားပါသည်။ ရေနံဈေးနှုန်းများ ကာလရှည်ကြာ မြင့်တက်နေခြင်းသည် ကမ္ဘာတစ်ဝန်းတွင် ငွေကြေးဖောင်းပွမှု ဖိအားများကိုပြန်လည် အရှိန်မြင့်လာစေနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအပေါ် အခွန်တစ်ခုကဲ့သို့ သက်ရောက်မှုရှိနေပြီး ဝယ်လိုအားကိုလည်း ကျဆင်းသွားစေနိုင်ပါသည်။




ကမ္ဘာ့ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC)+ အဖွဲ့သည် ဧပြီလအတွက် ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင် ရေနံစည်ပေါင်း ၂၀၆,၀၀၀ ခန့် အနည်းငယ် တိုးမြှင့်ထုတ်လုပ်ရန် ၁-၃-၂၀၂၆ ရက်တွင် သဘောတူညီခဲ့ကြသော်လည်း အဆိုပါ တိုးမြှင့်ထုတ်လုပ်လိုက်သော ရေနံအများစုမှာ အရှေ့အလယ်ပိုင်းဒေသမှတစ်ဆင့် ရေနံတင်သင်္ဘောများဖြင့် ပြင်ပသို့ ဆက်လက်တင်ပို့နိုင်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ၎င်း၏ အမြင်အရ လက်ရှိအခြေအနေနှင့် အနီးစပ်ဆုံးတူညီသည့် သမိုင်းဖြစ်ရပ်မှာ ၁၉၇၀ ပြည့်လွန်နှစ်များက ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်း ရေနံပိတ်ဆို့မှုကြီးပင် ဖြစ်ကြောင်း၊ ထိုစဉ်က ရေနံဈေးနှုန်းများသည် ၃၀၀ ရာခိုင်နှုန်း ခန့်မြင့်တက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် တစ်စည်လျှင် ၁၂ ဒေါ်လာဝန်းကျင်အထိ ရောက်ရှိခဲ့ကြောင်း Wood Mackenzie မှ ရေနံသန့်စင်ခြင်းလုပ်ငန်း၊ ဓာတုဗေဒနှင့် ရေနံဈေးကွက်ဆိုင်ရာ အကြီးတန်းဒုတိယဥက္ကဋ္ဌ Alan Gelder က ပြောကြားခဲ့ပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များက ရေနံဈေးနှုန်းသည် ၂၀၂၆ ခုနှစ်၏ ငွေကြေးတန်ဖိုးဖြင့် တွက်ချက်မည်ဆိုပါက တစ်စည်လျှင် ဒေါ်လာ ၉၀ ခန့်သာ ရှိပါသည်။ ရေနံတင်ပို့မှု ပြတ်တောက်သွားမည်ကို စိုးရိမ်နေသည့် ယနေ့ဈေးအခြေအနေသည် ထိုဈေးနှုန်းထက် ကျော်လွန်သွားရန် အလွန်ဖြစ်နိုင်ချေရှိကြောင်းကိုလည်း ၎င်းက ပြောကြားခဲ့ပါသည်။ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ တိုကျိုနှင့် အိန္ဒိယနိုင်ငံတို့၏ စတော့ဈေးကွက်များတွင် ဈေးနှုန်းများ ကျဆင်းလျက်ရှိပြီး ရှန်ဟိုင်းနှင့်

ဩစတြေးလျစျေးကွက်များတွင်မူ အနည်းငယ်ပြန်လည် မြင့်တက်လာပါသည်။ စင်ကာပူနိုင်ငံ၏ Straits Times (STI) အညွှန်းကိန်းသည် အများဆုံးကျဆင်းခဲ့ပြီး ၂၀၂၆ခုနှစ်၊ မတ်လ ၂ ရက်၊ နေ့လယ် ၁၂:၀၄ နာရီ အချိန်တွင် ၁.၇၉ ရာခိုင်နှုန်းအထိ ထိုးကျသွားခဲ့ပါသည်။

ဟောင်ကောင်၏ Hang Seng အညွှန်းကိန်းသည် ၁.၅၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး ထိုင်ဝမ်စတော့ ဈေးကွက်မှာမူ ၀.၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ရှန်ဟိုင်းစတော့အညွှန်းကိန်းမှာမူ သိသာသော အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေပြီး ဩစတြေးလျ စတော့ဈေးကွက်မှာမူ ၀.၁၆ ရာခိုင်နှုန်းဖြင့် အနည်းငယ်မြင့်တက်ခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ Nikkei အညွှန်းကိန်းသည် ၁.၃၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ ဂျပန်နိုင်ငံသည် ၎င်း၏ရေနံလိုအပ်ချက် စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းခန့်ကို အရှေ့အလယ်ပိုင်းဒေသ (အဓိကအားဖြင့် ဆော်ဒီအာရေးဗီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု)ထံမှ တင်သွင်းနေရခြင်းဖြစ်ပြီး အဆိုပါတင်သွင်းမှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်းလာရခြင်းဖြစ်ပါသည်။

အရှေ့အလယ်ပိုင်းဒေသမှ ဂျပန်နိုင်ငံသို့ ဦးတည်လာသော အချို့သော ရေနံတင်သင်္ဘောကြီးများသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားလာခြင်းမှ ရှောင်လွှဲရန် ပါရှန်ပင်လယ်ကွေ့အတွင်း၌ပင် စောင့်ဆိုင်းနေကြကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် Minoru Kihara က ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးသော ရေနံအရန်သိုလှောင်မှုများထဲမှ တစ်ခုကို ပိုင်ဆိုင်ထားသော်လည်း လက်ရှိတွင် အဆိုပါအရန်ရေနံများကို ထုတ်ယူသုံးစွဲရန် အစီအစဉ်မရှိသေးကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့ပါသည်။

Source: https://www.channelnewsasia.com/world/oil-prices-increase-us-iran-israel-shipments-disrupted-hormuz-5962521

ဒေါ်နီလာဝင်း
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဘန်ကောက်၌ Thaified HOREC ASIA 2026 ပြပွဲကျင်းပနေ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ IMPACT Challenger မှာ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်ကနေ ၁၃ ရက်အထိ Thaified HOREC ASIA 2026 ပြပွဲကို ကျင်းပနေပါတယ်။ဒီပြပွဲကို ထိုင်းနိုင်ငံ ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမြှင့်တင်ရေးဌာန (DITP)၊ ထိုင်းနိုင်ငံ ကုန်သည်များအသင်းချုပ် (TCC) နှင့် ဂျာမနီKoelnmesse(KM)တို့ကပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။




အာရှဒေသအတွင်း Hospitality၊ Food Service၊ Restaurant နှင့် စက်မှုလုပ်ငန်းများအတွက် အပြည့်စုံဆုံး ကုန်စည်ပြပွဲဖြစ်သည့် THAIFEX HOREC ASIA 2026 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Anutin Charnvirakul က ဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Ms. Suphajee Suthumpun နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အကြီးတန်းတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြပါသည်။ ၎င်းပြပွဲ၌ ဟိုတယ်၊ စားသောက်ဆိုင်၊ ကဖေးနှင့် အစားအသောက် ဝန်ဆောင်မှုကဏ္ဍ (Catering) အပါအဝင် HoReCa လုပ်ငန်းများကို ထုတ်ဖော်ပြသသည့် ပြပွဲတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံကို အာရှဒေသတွင် HoReCa Hub အဖြစ် မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပြပွဲမှတစ်ဆင့် ကမ္ဘာတစ်ဝှမ်းက စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဝယ်ယူသူများနှင့် ဆက်သွယ်ပေါင်းစည်း စေနိုင်မည့်အပြင် ဗဟုသုတ ဖလှယ်ခြင်းစသည့် အခွင့်အလမ်းများကို အကျိုးအမြတ်အဖြစ် ပြောင်းလဲစေသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး Platform တစ်ခုအဖြစ် Horeca စက်မှုလုပ်ငန်း၏ အနာဂတ်ဦးတည်ချက်ကို ပူးပေါင်းဖန်တီးနိုင်မည် ဖြစ်သည်ဟု သိရှိရပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က **"Thailand's Best Friend 2026"** အစီအစဉ်အရ နိုင်ငံအသီးသီးက အဓိက ဝယ်ယူ တင်သွင်းသူ (Importer)

အယောက် ၂၀ ကို ဆုချီးမြှင့်ပေးခဲ့ပါသည်။

၎င်းအစီအစဉ်သည် ကုန်သွယ်ရေးတွင် ဆက်ဆံရေးများ ပိုမိုခိုင်မာစေရန်နှင့် ထိုင်းထုတ်ကုန်များအတွက် ဈေးကွက်အခွင့်အလမ်းများ တိုးချဲ့ရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍကနေ ထမ်းဆောင်ခဲ့သည့် အဓိက ကုန်တင်သွင်းဖက်များကို ကျေးဇူးတင် အသိအမှတ်ပြုရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ပြပွဲ၌ ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာက ပြခန်းပေါင်း ၇၀၀ ကျော် ပါဝင်ပြသနေခြင်းဖြစ်ပါသည်။ ထို့ပြင် ၎င်းပြပွဲမှတစ်ဆင့် ကမ္ဘာတစ်ဝှမ်းက ကုန်သွယ်သူ၊ ဝယ်ယူသူနှင့် စီးပွားရေးပညာရှင် ၂၀,၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ရန်လည်း မျှော်လင့်ထားသည်ဟု သိရှိရပါသည်။ ပြပွဲသို့ ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ပြခန်းပါဝင်ပြသသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဖိတ်ကြားထားသည့် ထိုင်းနိုင်ငံက မီဒီယာများအပြင် ပြည်ပမီဒီယာများလည်း တက်ရောက်ခဲ့ကြပါသည်။

Source: https://onenewstvchannel.com/business/market/%e1%80%

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အီရန်စစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံမှ လောင်စာဆီသွင်းကုန်များအပေါ် အကောက်ခွန်များ ဖယ်ရှားပေးမည်ဖြစ်

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးပဋိပက္ခများကြောင့် ပေါ်ပေါက်လာသော လောင်စာဆီရောင်းအား ပြတ်တောက်မှု အခက်အခဲများပေါ်ပေါက်လာမှုကြောင့် လောင်စာဆီထောက်ပံ့မှုများ ရရှိစေရန်အတွက် ဗီဘက်နမ်နိုင်ငံသို့ တင်သွင်းလာ သော လောင်စာဆီများအပေါ် အကောက်ခွန်များ ဖယ်ရှားပေးရန် စီစဉ်နေကြောင်း ၎င်းအစိုးရက ပြောကြားခဲ့ပါသည်။ ဗီယက်နမ်အစိုးရက ၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် အဆိုပါ အကောက်ခွန်ဖယ်ရှားရေးသည် ၂၀၂၆ ခုနှစ်၊ ဧပြီလကုန်အထိ ကြာမြင့်ရန် မျှော်လင့်ထားပြီး လောင်စာဆီအခက်အခဲကို ဖြေရှင်းနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြင်ဆင်ထားကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံအတွင်း လောင်စာဆီအပေါ် အကောက်ခွန်သည် ၂၀ ရာခိုင်နှုန်းအထိရှိပြီး ၎င်းနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုထားသည့်နိုင်ငံများမှ တင်သွင်းမှုအများစုကို အခွန်ကင်းလွတ်ခွင့် ပေးထား ပါသည်။ အီရန်နှင့် အမေရိကန်-အစ္စရေးစစ်ပွဲ စတင်ချိန်မှစ၍ ပြည်တွင်းလောင် စာဆီ ဈေးနှုန်းများသည် ၂၁ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့ပါသည်။



လာမည့် ဧပြီလ ကုန်အထိ အခွန် စည်းကြပ်မှုများ ဖယ်ရှားပေး ခြင်းသည် နိုင်ငံတော်ရငွေ ဒေါင် ၁.၀၂ ထရီလီယံ (အမေရိ ကန်ဒေါ်လာ ၃၉ သန်း) အထိ ဆုံးရှုံးသွားမည် ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့ပါသည်။ အဆိုပါ အကောက်ခွန် ဖယ်ရှားရေး အစီအစဉ် သည် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် လောင်စာဆီ အရင်းအမြစ်များ လုံခြုံမှု ရရှိရေး၊ ပြည်တွင်း ရေနံဈေးကွက် တည်ငြိမ်ရေးနှင့် စွမ်းအင်လုံခြုံရေးရရှိရေး တို့အတွက် လွန်စွာအရေးကြီးကြောင်း ဗီယက်နမ်အစိုးရက ထပ်လောင်း ပြောကြား ခဲ့ပါသည်။

Source: https://www.reuters.com/business/energy/vietnam-remove-fuel-tariffs-amid-supply-disruption-due-iran-war-2026-03-09/

ဒေါ်ထက်နန္ဒာကျော်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# တရုတ်၏ အခွန်ကင်းလွတ်ခွင့်မူဝါဒသည် တရုတ်-တောင်အာဖရိက စိုက်ပျိုးရေးကဏ္ဍအား မြှင့်တင်ပေး

တရုတ်နိုင်ငံသည် အာဖရိကနိုင်ငံများမှ သွင်းကုန်များအတွက် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒ (zero tariff)ဖြင့် ဆောင်ရွက်ခြင်းသည် တောင်အာဖရိကနှင့် တရုတ်နိုင်ငံတို့အကြား စိုက်ပျိုးရေး ကုန်သွယ်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။



Gauteng ပြည်နယ်၏ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အမှုဆောင် ကောင်စီဝင် Vuyiswa Ramokgopa က ယင်းမူဝါဒသည် အာဖရိက၏ စိုက်ပျိုးရေး ပို့ကုန်များကို တရုတ်ဈေးကွက်သို့ တိုးချဲ့ရန် ကူညီပေးနိုင်ကြောင်းပြောကြားခဲ့သည်။ "သွင်းကုန်များအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်ပေးမည့် တရုတ်နိုင်ငံ၏ ကြေညာချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့ပြီး ဤဆုံးဖြတ်ချက်သည် တောင်အာဖရိကအတွက် ပို့ကုန်များတိုးချဲ့ရန်နှင့် စိုက်ပျိုးရေး ကဲ့သို့သော အဓိကကဏ္ဍများတွင် အခွင့်အလမ်းအသစ်များကို ဖော်ဆောင် ပေးသည်" ဟု Ramokgopa က ပြောကြားခဲ့သည်။

Ramokgopa က ပြောင်းလဲနေသော ပထဝီနိုင်ငံရေး၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များကို ပြန်လည်ပုံဖော်နေပြီး၊ တောင်အာဖရိကနိုင်ငံသည် တရုတ်ကဲ့သို့သော အဓိကမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို ခိုင်မာအောင် ပြုလုပ်ရန် ပိုမိုအရေးကြီးလာကြောင်း ပြောကြားခဲ့သည်။

"ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများ ပြန်လည်ပုံဖော်ချိန်တွင် တောင်အာဖရိကအနေဖြင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးသည် အရေးကြီးကြောင်းနှင့် တရုတ်နိုင်ငံသည်လည်း အရေးပါသော မိတ်ဖက်တစ်ဦး အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း" ထပ်မံပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းကိုယ်စားလှယ်များသည် တရုတ်-အာဖရိက စိုက်ပျိုးရေး

ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် အရေးကြီးကြောင်းလည်းအလေးပေး ပြောကြားခဲ့သည်။ တောင်အာဖရိက စိုက်ပျိုးရေးထွက်ကုန်အေဂျင်စီကောင်စီ၏ ဥက္ကဋ္ဌ Thami Sebusi က ပိုမိုခိုင်မာသောဆက်ဆံရေးသည် ဆန်းသစ်တီထွင်မှုကို မောင်းနှင်နိုင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ကြောင်းပြောကြားခဲ့သည်။

"တရုတ်-အာဖရိက ဆက်ဆံရေးသည် စိုက်ပျိုးရေးကဏ္ဍများ၏ ရေရှည်တည်တံ့သော တိုးတက်မှုအတွက် အလွန်အရေးကြီးကြောင်း ယုံကြည်သည်။ နှစ်နိုင်ငံစလုံးသည် BRICS အဖွဲ့ဝင်များဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်မှုကို ရေရှည်တည်တံ့စေရန်၊ ဆန်းသစ်တီထွင်မှုကိုမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှုကို ပံ့ပိုးရန်အတွက် ထူးခြားသောကဏ္ဍတစ်ခုဖြစ်မည်" ဟု Sebusi က ပြောကြားခဲ့သည်။ တရုတ်အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် တရုတ်-အာဖရိက ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၉၅.၆ ဘီလီယံခန့် ရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံသည် အာဖရိက၏ အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ၁၆ နှစ်တိုင်တိုင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ တောင်အာဖရိကသည် ဥရောပတိုက်တွင် တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေပြီး နှစ်နိုင်ငံကုန်သွယ်မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၂.၄ ဘီလီယံခန့် ရှိသည်။



"အာဖရိကတွင် ကြက်မွေးမြူရေးလုပ်ငန်းကို အလျင်အမြန် တိုးချဲ့နေပြီး လယ်သမားများသည် ခေတ်မီ ပစ္စည်းကိရိယာများနှင့် ထိရောက်သော လယ်ယာ စိုက်ပျိုးရေး နည်းပညာများကို ရှာဖွေနေကြသည်" ဟု Hangzhou Xinfu Science and Technology Co., Ltd မှ ကိုယ်စားလှယ် Susan Zhang က ပြောကြားခဲ့သည်။ Weifang U-Best Husbandry Equipment Co., Ltd မှ Grace Wu က "တရုတ်နှင့် အာဖရိကနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည် စားနပ်ရိက္ခာဖူလုံရေး တိုးတက်စေရန်လည်း အထောက်အကူဖြစ်စေနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် အဆင့်မြင့်

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာနှင့် တိရစ္ဆာန်အစာထုတ်လုပ်မှုတို့တွင် အတွေ့အကြုံများ စုဆောင်းရရှိထားပြီးဖြစ်သောကြောင့် ဤနည်းပညာများကို မျှဝေခြင်းဖြင့် အာဖရိက၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ပါသည်” ဟု ပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုနီးကပ်လာခြင်းသည် ထောက်ပံ့ရေးကွင်းဆက်များကို အားကောင်းစေရန်၊ ဈေးကွက်ဝင်ရောက်ခွင့်ကိုတိုးချဲ့ရန်နှင့် အာဖရိကတိုက်အတွင်းရှိ လယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

Source: https://english.news.cn/ africa/20260312/20f7fd74c3 1f4410b 10f 63765a9aacfb/c.html

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်ဆောင်ရွက်

၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးရုံးတွင် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (JCC) ၏ ၁၃ ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံ (ROK) တို့သည် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP)ကို ဆက်လက်တည်ရှိစေရန် ကတိကဝတ်အား ထပ်မံအတည်ပြုခဲ့ကြသည်။

၂၀၂၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ကို အကောင်အထည်ဖော်ရာတွင် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ကောင်းမွန်သော ဆက်ဆံရေးကိုအဆိုပါအစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့ပါသည်။ အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် ၂၀၂၁-၂၀၂၅ ကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်

အသီးသီးတွင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သည်။ ဥပမာအားဖြင့် ယဉ်ကျေးမှု၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းမှု၊ စွမ်းအင်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူချင်း အသိပညာဖလှယ်မှုများတွင်သိသာစွာ တိုးတက်ခဲ့သည်။




အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံ (ROK) တို့သည် ၂၀၂၆-၂၀၃၀ ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်နှင့် အာဆီယံအသိုက် အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးတွင် ပံ့ပိုးရန်အတွက် သဘောတူညီခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရေကြောင်းလုံခြုံရေး၊ အွန်လိုင်းလိမ် လည်မှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှု၊ ဆိုက်ဘာလုံခြုံရေး၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုအဆင့် မြှင့်တင်ရေး၊ အာဆီယံ ဒီဂျစ်တယ် စီးပွားရေး၊ သန့်ရှင်းသော ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ ပညာရေးနှင့် အဆင့်မြင့် မြို့တော်တည်ဆောက်ရေး စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ကိုရီးယားသမ္မတနိုင်ငံ (ROK) သည် အာဆီယံဗဟိုပြုမှုနှင့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး ကြိုးပမ်းမှုများကို ဆက်လက်ထောက်ခံကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သော ၂၄ ကြိမ်မြောက် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့သော ASEAN Outlook on the Indo-Pacific (AOIP)ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးကို အာဆီယံဆိုင်ရာ ထိုင်းနိုင်ငံအမြဲတမ်းကိုယ်စားလှယ် Prinat Apirat နှင့် ကိုရီးယားသမ္မတနိုင်ငံ တာဝန်ခံ Hahm Jeonghan တို့က ပူးတွဲ

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့များမှ တက်ရောက်ခဲ့ကြသည်။

Source: https://asean.org/asean-and-the-rok-continue-to-advance- c o m prehensive-strategic-partnership/

ဒေါ်ဆုအိမ်သူ

ဒုတိယဦးစီးမှူး

e-Government ဌာနခွဲ

ပြည်ထောင်စုဝန်ကြီးရုံး

## Amata ကုမ္ပဏီသည် အရှေ့တောင်အာရှတွင် တိုးတက်မှုအတွက် ပြင်ဆင်နေ

Amata Corporation သည် စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှ ဒေသတစ်လွှားတွင် ကြီးမားသည့် စက်မှုဇုန်တည်ဆောက်မှု တိုးချဲ့ရန်အတွက် ပြင်ဆင်နေပါသည်။ ကုမ္ပဏီက ဘတ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်တို့တွင် စက်မှုဇုန်အသစ်များ တည်ဆောက်ရေးနှင့် ရှိပြီးသား စက်မှုဇုန်များကို အဆင့်မြှင့်တင်ရန် စီမံကိန်းများကို ကြေညာထားသည်။ ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် စက်မှုမြေဧရိယာ ၂,၈၀၀ ရိုင် (rai) ကို ရောင်းချနိုင်ရန် ကြီးမားသော ရည်မှန်းချက်တစ်ခု ချမှတ်ထားသည်။ Amata ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Vikrom Kromadit က အရှေ့တောင်အာရှ ဒေသသည် အထူးသဖြင့် အဆင့်မြင့်နည်းပညာ၊ ဒီဂျစ်တယ်နည်းပညာနှင့် အနာဂတ်စက်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အချက်အချာ အသစ်တစ်ခုအဖြစ် ပေါ်ထွက်လာပြီး အဆိုပါ လုပ်ငန်းများအတွက် ခိုင်မာသည့် အခြေခံအဆောက်အအုံများနှင့် စီးပွားရေး လုပ်ငန်း ဝန်းကျင်စနစ်ပြည့်စုံမှု လိုအပ်သည်ဟုပြောကြားခဲ့သည်။ Amata ၏ စက်မှုဇုန်များတွင် လက်ရှိအားဖြင့် စက်ရုံနှင့် စီးပွားရေးလုပ်ငန်းပေါင်း ၁,၆၀၀ ကျော် တည်ရှိပြီး နိုင်ငံ ၃၀ မှ အလုပ်သမား ၃၅၀,၀၀၀ ခန့် အလုပ်လုပ်ကိုင်နေကြသည်။



ၚင်းတို့ထဲတွင် Fortune Global ၅၀၀ စာရင်းဝင် ကုမ္ပဏီများလည်း ပါဝင်ပါသည်။ ကုမ္ပဏီအနေဖြင့် တရုတ်ရင်းနှီးမြှုပ်နှံသူများ အထူးသဖြင့် လျှပ်စစ်ကား (EV)၊ စမတ်အီလက်ထရွန်နစ်နှင့် ဘက်ထရီ ထုတ်လုပ်မှုကဏ္ဍများမှ စိတ်ဝင်စားမှုကို အများအပြား ရရှိနေကြောင်းသိရှိရသည်။

Amata VN Pic သည် Amata Corporation ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်ပြီး ဗီယက်နမ်အစိုးရထံမှ ခွင့်ပြုချက်ရရှိထားကာ Phu Tho ပြည်နယ်တွင် ၎င်း၏ ၅ ခုမြောက် စက်မှုဇုန်ကို တည်ဆောက်ရန် ကြေညာခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင် အမေရိကန် နိုင်ငံ၏ကုန်သွယ်ရေးမူဝါဒ မသေချာမှုကြောင့် မြေယာလွှဲပြောင်းမှုများ နှောက်ကျခဲ့သဖြင့် ဝင်ငွေ ၃ ရာခိုင်နှုန်း ကျဆင်းကာ ဘတ် ၁၄.၅ ဘီလီယံသို့ လျော့နည်းခဲ့သော်လည်း Amata ကုမ္ပဏီ၏ အမြတ်ငွေမှာ အဓိကလုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးတက်လာမှုကြောင့် ၂၈ ရာခိုင်နှုန်း တိုးကာ ဘတ် ၃.၁၄ ဘီလီယံ သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

ဒေသတွင်း နိုင်ငံရေးနှင့် ကမ္ဘာလုံးဆိုင်ရာ တင်းမာမှုများမှ လုံခြုံသည့် နေရာတစ်ခုအဖြစ် ပိုမိုမြင်လာကြသဖြင့် Amata ကုမ္ပဏီသည် နောက်တစ်ကြိမ် စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှု လှိုင်းအသစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ရန် ပြင်ဆင်နေကြောင်း Mr. Vikrom က ပြောကြားခဲ့သည်။

Source: https://www.bangkokpost.com/business/general/3214988/amata prepares-for-major-southeast-asian-growth

ဦးအောင်အောင်ဦး
ဒုတိယဦးစီးမှူး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# အရှေ့အလယ်ပိုင်းအကြပ်အတည်းကြောင့် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများထိခိုက်နိုင်

အရှေ့အလယ်ပိုင်းတွင် အမေရိကန်နှင့် အစ္စရေးတို့မှ အီရန်ကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် စစ်ပွဲကြာရှည်လာနိုင်မည်ဆိုသည့် စိုးရိမ်မှုများ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် မတ်လ ၂ ရက်နေ့တွင် ရေနံဈေးနှုန်းများသိသိ သာသာမြင့်တက်ကာ အာရှရှိ စတော့ရှယ်ယာဈေးကွက်များ ကျဆင်းခဲ့သည်။ ကျွမ်းကျင်သူများ၏ အမြင်အရ ၎င်းပဋိပက္ခသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပြင်ပ ဘဏ္ဍာရေး ထိုးနှက်မှုများကို ခံနိုင်ရည်နည်းပါး စေနိုင်သည်ဟုဆိုသည်။

ပဋိပက္ခကြာရှည်လာပါက ကမ္ဘောဒီးယားစီးပွားရေးကို အလွန်ထိခိုက် စေနိုင်ပြီး အထူးသဖြင့် အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများ အများဆုံးထိခိုက်နိုင်ကြောင်းသတင်းတွင် ဖော်ပြထားသည်။ ထို့ပြင်ရေနံဈေးနှုန်း မြင့်တက်လာမှုကြောင့် ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်၊ သယ်ယူရေးနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်များကို တိုးမြှင့် လာစေနိုင်ပါသည်။

ဆက်လက်၍ ပဋိပက္ခ ကြာရှည်လာပါက ၎င်းအခြေအနေကြောင့် ကမ္ဘောဒီးယား နိုင်ငံ၏စီးပွားရေးကို အလွန်ထိခိုက်စေနိုင်ပြီး ထုတ်လုပ်ရေးလုပ်ငန်း များတွင် လောင်စာဈေးနှုန်း မြင့်တက်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေး ကွင်းဆက် (Global Supply Chains)များ ဖိအားတက်လာခြင်းတို့ကြောင့် ထုတ်လုပ်မှု အနှောင့်အယှက်များ ဖြစ်ပေါ်နိုင်ကြောင်းလည်းဆိုထားသည်။ ယင်းဖိအားများကြောင့် ပို့ဆောင်ရေးခများ မြင့်တက်လာခြင်း၊ ကုန်ကြမ်းဈေးနှုန်းများ တိုးလာခြင်းနှင့် ငွေဖောင်းပွမှုများ တိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး အားနည်းနိုင်သည်။

ထို့အပြင် ယခင် ၁၂ ရက်ကြာ ပဋိပက္ခကာလအတွင်း ရေနံဈေး ၂၀ ရာခိုင်နှုန်းအထိ ယာယီတက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်တည်ငြိမ် ခဲ့ကြောင်း၊ ယခုအခါ ၇ ရာခိုင်နှုန်းခန့်တက်ခြင်းသည် ဈေးကွက်၏ တုံ့ပြန်မှု အလယ် အလတ်အဆင့်သာ ဖြစ်နိုင်ကြောင်းပြောကြားခဲ့သည်။

Anthony Galliano (Cambodian Investment Management Holdings ၏ Group CEO) က ၎င်း၏အမြင်အရ OPEC သည် ထုတ်လုပ်မှု တိုးမြှင့်မည်ဟု

ကတိပြုထားခြင်းကြောင့် ရေနံထောက်ပံ့မှုမှာ အဓိကစိုးရိမ်ရသော အချက်မဟုတ်ကြောင်းပြောကြားသည်။ သို့သော် အီရန်၏ Islamic Revolutionary Guard Corps က ရေနံသင်္ဘောများကို တိုက်ခိုက်နေခြင်းကြောင့် ရေနံဈေးနှုန်းမှာ တည်ငြိမ်မည်မဟုတ်ကြောင်း ထောက်ပြခဲ့သည်။



ခရီးသွားလုပ်ငန်း အနေဖြင့်လည်း လေကြောင်း လမ်းကြောင်းပိတ်ခြင်း၊ လေယာဉ်ခရီးစဉ် ဖျက်သိမ်းခြင်းများနှင့် လောင်စာဆီ ဈေးနှုန်းများမြင့်တက်လာခြင်းတို့ကြောင့် ထပ်မံထိခိုက်နိုင်ကြောင်း သတိပေးခဲ့သည်။ ထို့အပြင် ပဋိပက္ခကြာရှည်ပြီး စီးပွားရေးအားနည်းလာပါက နိုင်ငံခြားဝယ်ယူသူများမှတစ်ဆင့် ထောက်ပံ့ထားသည့်အိမ်ခြံမြေဈေးကွက် ပြန်လည်ကောင်းမွန်လာနေသည့် အခြေအနေများကိုလည်းထိခိုက်စေနိုင်ကြောင်း ပြောကြားခဲ့သည်။ ကုန်ထုတ်လုပ်ရေး၊ ခရီးသွားကဏ္ဍနှင့်အိမ်ခြံမြေကဏ္ဍများ ကျဆင်းလာပါက ပြန်လည်မဆပ်နိုင်သည့် ချေးငွေများ (Non-Performing Loans) တိုးလာနိုင်ပြီး ဘဏ်လုပ်ငန်းအတွက် စိန်ခေါ်မှုများ ဖြစ်လာနိုင်သည်။

Thong Mengdavid (CamTech University လက်အောက်ရှိ China-ASEAN Studies Centre) ၏ ဒုတိယညွှန်ကြားရေးမှူးက အရှေ့အလယ်ပိုင်းပဋိပက္ခသည် ကမ္ဘောဒီးယားအပေါ်ရှိပြီးသား စီးပွားရေးဖိအားများကို ပိုမိုပြင်းထန်စေကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများ အနှောင့်အယှက်လာဖြစ်ပါက အကျိုးသက်ရောက်မှုများ ကြီးမားနိုင်ကြောင်း သတိပေးခဲ့သည်။ အစိုးရအနေဖြင့် ထိုအန္တရာယ်ကို လျှော့ချရန်အတွက်လောင်စာဆီဈေးနှုန်းများ တည်ငြိမ်ရေးမူဝါဒများ ပြင်ဆင်ထားရန်၊ ရေနံတင်သွင်းမှုအပေါ် အခွန်လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်ရန်နှင့် လော်ဂျစ်စတစ်နှင့်ပင်လယ်ပို့ဆောင်ရေး ကဏ္ဍများအတွက် ထောက်ပံ့ရေးအစီအစဉ်များ စဉ်းစားရန်တိုက်တွန်းခဲ့သည်။ ထို့ပြင် အစားအသောက် ဈေးနှုန်းများကို စောင့်ကြည့်ထိန်းချုပ်ပြီး

အရေးပေါ် သိုလှောင်ထားသော အရန်ပစ္စည်းများကို ထိန်းသိမ်းထားရန်နှင့် ငွေကြေး မှုဝါဒတည်ငြိမ်စေရန် အကြံပြုခဲ့သည်။

အခြားတစ်ဖက်တွင် ကမ္ဘောဒီးယားအစိုးရ၏ Ministry of Foreign Affairs and International Cooperation က အရှေ့အလယ်ပိုင်းအခြေအနေကို အလွန် စိုးရိမ်နေကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ပါဝင်ပတ်သက်သူများ အားလုံး အပြင်းအထန် တုံ့ပြန်မှုများကို ရှောင်ရှားကာ ပြည်သူ့အသက်အန္တရာယ်နှင့် ငြိမ်းချမ်းရေး ကိုမထိခိုက်စေရန် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့သည်။

Source: https://www.khmertimeskh.com/501854529/mideast-crisis-can-hit-investment-flow-tourism-in-cambodia/

ဦးနေကျော်ထက်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## မရေရာမှုများကြားမှ ခိုင်မာလာသည့် တရုတ်နိုင်ငံ၏ စီးပွားရေးဗျူဟာနှင့် ၂၀၂၆ အလားအလာများ




၂၀၂၆ ခုနှစ်၏ ပထမနှစ်လ အတွင်းမှာပင် တရုတ်နိုင်ငံ၏ ပြည်ပ ကုန်သွယ်မှုသည် Double-digit အဆင့် အထိ သိသိသာသာ ပြန်လည် မြင့်တက်လာခဲ့ပြီး Intelligent EV ထုတ်လုပ်မှုကဏ္ဍတွင်လည်း အစီးရေ သန်းချီသည့် မှတ်တိုင်သစ်များကို စိုက်ထူနိုင်ခဲ့ပါသည်။ ယင်းအောင်မြင်မှုသည် တရုတ်နိုင်ငံ၏ စီးပွားရေးကြံ့ခိုင်မှု (Economic Resilience) ကို ထင်ရှားစွာ သက်သေပြနေရုံ သာမက ရိုးရာစက်မှုလုပ်ငန်းများမှသည် နည်းပညာ အခြေပြုကုန် ထုတ်လုပ်မှု သစ်များဆီသို့ အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ကြောင်းကိုလည်း မီးမောင်းထိုးပြသလျက်ရှိပါသည်။ Chongqing အခြေစိုက် Seres ကဲ့သို့သော

ကုမ္ပဏီများ၏ အောင်မြင်မှုနှင့် Heilongjiang ကဲ့သို့သော ရိုးရာစက်မှုအခြေစိုက် ဒေသများကနှင်းနှင့် ရေခဲခရီးသွားလုပ်ငန်းအဖြစ် ပြောင်းလဲအောင်မြင်လာမှုတို့သည် တရုတ်နိုင်ငံ၏ စီးပွားရေးဗျူဟာ အသစ်သည် ဒေသအလိုက် အောင်မြင်နေသည့် ပြယုဂ်များ ဖြစ်ပါသည်။ ယင်းကဲ့သို့ အဆင့်မြင့် “Smart Manufacturing” စံနှုန်းသစ် များကြောင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (Global Supply Chain)တွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေ မရေရာမှုများကြားမှပင် ပိုမိုခိုင်မာလာ လျက်ရှိခြင်းဖြစ်ပါသည်။

## ပြည်တွင်းဈေးကွက်ကို ဗဟိုပြုသည့် စီးပွားရေးမောင်းနှင်အား

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ အဓိကဦးစားပေးဗျူဟာမှာ ပြည်တွင်း ဈေးကွက်ကို ပိုမိုခိုင်မာအောင် တည်ဆောက်ရန်ဖြစ်ပါသည်။ ယင်းအတွက် ယွမ် ၁၀၀ ဘီလီယံတန်ဖိုးရှိ ဘဏ္ဍာရေးညှိနှိုင်းမှု ရန်ပုံငွေနှင့် ယွမ် ၂၅၀ ဘီလီယံတန်ဖိုးရှိ ကာလရှည် အထူးအစိုးရငွေတိုက် စာချုပ်များကို ထုတ်ဝေကာ စားသုံးသူများ၏ ဝယ်ယူနိုင်စွမ်းအားကို တိုက်ရိုက်မြှင့်တင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် လက်ရှိတွင် ကုန်ထုတ်လုပ်မှုနှင့် ဝယ်လိုအားအကြား မျှတမှု မရှိခြင်းကို ကြုံတွေ့နေရသဖြင့် ဝင်ငွေနည်းပါးသူများ၏ ဝင်ငွေမြှင့်တင်ရေး၊ လူမှု ဖူလုံရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် အိမ်ခြံမြေဝင်ငွေ တိုးတက်ရေးတို့ကို ဆောင်ရွက် လျက်ရှိပါသည်။ ဤလုပ်ဆောင်ချက်ကို ဆန်းစစ်ကြည့်ပါက ပြည်ပဝယ်လိုအား မတည်ငြိမ်သည့် အခြေအနေကို ကာကွယ်ရန်အတွက် ပြည်တွင်းစားသုံးမှု (Domestic Consumption)ကို စီးပွားရေး၏ ပင်မထောက်တိုင်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## Smart Economy နှင့် နည်းပညာအခြေပြု ဖွံ့ဖြိုးတိုးတက်မှု

Creating Smart Economy ကို အစိုးရ၏ လုပ်ငန်းစီမံချက်တွင် တရားဝင် ထည့်သွင်း လာခြင်းမှာ တရုတ်နိုင်ငံ၏ စီးပွားရေး နက်ရှိုင်းစွာ ပြောင်းလဲစေသည့် မှတ်တိုင်တစ်ခု ဖြစ်ပါသည်။ နည်းပညာကို သမားရိုးကျ အသုံးချခြင်းထက် AI ကို စက်မှုဂေဟစနစ်နှင့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများအတွင်းသို့ နက်ရှိုင်းစွာ ပေါင်းစပ် ဆောင်ရွက်လျက် ရှိခြင်းဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ AI မူပိုင်ခွင့်များ၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားခြင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် AI ကဏ္ဍ၏

စီးပွားရေးတန်ဖိုး ယွမ် ၁၀ ထရီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားခြင်းမှာ နည်းပညာကို အခြေခံသည့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်နေခြင်းဖြစ်ပါသည်။ Integrated Circuits၊ Quantum Technology နှင့် Low-altitude Economy စသည့် ကဏ္ဍသစ်များကိုလည်း အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအချို့တွင် မိမိတို့နိုင်ငံ၏ စီးပွားရေးကိုသာ ဦးစားပေးသည့် အကာအကွယ် ပေးရေးမူဝါဒများကို ကျင့်သုံးလာကြသော်လည်း တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ဈေးကွက်ကို ပိုမိုပွင့်လင်းစွာ ဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖော် ဆောင်လျက်ရှိပြီး ယခုနှစ်အတွင်း ကုန်သွယ်ရေးကဏ္ဍကို တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao က "Exports and imports are like two wheels on a car. The more balanced they are, the more steadily it runs, and the farther it goes," ဟု ပြောကြားခဲ့ခြင်းနှင့်အတူ တရုတ်နိုင်ငံသည် ဝန်ဆောင်မှုကဏ္ဍ၊ ဇီဝနည်းပညာ၊ နိုင်ငံခြားသားပိုင် ဆေးရုံများနှင့် ဒီဂျစ်တယ်ကဏ္ဍများတွင် ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုဖွင့်ပေးရန် စီစဉ်နေခြင်းမှာ ၎င်း၏ဈေးကွက်ကို ကမ္ဘာ့အခွင့်အလမ်းအဖြစ် ပြောင်းလဲရန် ကြိုးပမ်းနေခြင်းပင်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအတွက် ရရှိနိုင်မည့် မူဝါဒရေးရာနှင့် စီးပွားရေးအခွင့်အလမ်းများ

တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်များသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်များကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းဝယ်လိုအား မြှင့်တင်ရေးမူဝါဒကြောင့် မြန်မာ့လယ်ယာထွက်ကုန်များ၊ လူသုံးကုန်များနှင့် ကုန်ကြမ်းပစ္စည်းများအတွက် ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ပြီး ၎င်းတို့၏ အရည်အသွေးမြင့် နည်းပညာများ (ဥပမာ - EV ကဏ္ဍ၊ စက်မှုလက်မှုသုံးအဆင့်မြင့်ပစ္စည်းများနှင့် ဒီဂျစ်တယ်စနစ်များ) မှာလည်း မြန်မာနိုင်ငံ၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ တံခါးဖွင့်ဝါဒကြောင့် ဒေသတွင်းကုန်သွယ်မှု ကွင်းဆက်များ ပိုမိုခိုင်မာလာကာ

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် စက်မှုဇုန်ကဏ္ဍများတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့် အခွင့်အရေးများ ရရှိစေနိုင်မည် ဖြစ်ပါသည်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးကြွံခိုင်မှုနှင့် ပြုပြင်ပြောင်းလဲမှုများသည် ဒေသတွင်း စီးပွားရေးအခင်းအကျင်းအပေါ် ကြီးမားစွာ သက်ရောက်လျက်ရှိပါသည်။ လက်ရှိ ကြုံတွေ့နေရသည့် အကြပ်အတည်းများကြားမှပင် တရုတ်နိုင်ငံ၏ စီးပွားရေး မောင်းနှင်အား အသစ်များသည် မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားလာအသစ်များကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ဒေသတွင်းစီးပွားရေး လမ်းကြောင်းများနှင့် ဟန်ချက်ညီစွာ လိုက်ပါနိုင်ရန်အတွက် တရုတ်နိုင်ငံကဲ့သို့သော စီးပွားရေး အင်အားကြီးနိုင်ငံများ၏ အပြောင်းအလဲများကို စနစ်တကျစောင့်ကြည့်သုံးသပ်၍ မိမိတို့နိုင်ငံ၏မူဝါဒများကို ဗျူဟာမြောက် ချိန်ညှိသွားခြင်းနှင့်အတူ ပြည်တွင်းစီးပွားရေးစွမ်းဆောင်ရည်ကို မြှင့်တင်၍ လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

Source: https://english.www.gov.cn/news/202603/12/content_WS69b2 01d7c6d00ca5f9a09d06.html

ဒေါ်စိုးဝေဝေ
ဦးစီးအရာရှိ
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား

ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm